


အေးလေ-ကဲ - မင်းက - အရှေ့ပိုင်းက - အောင်မောင်းတို့ - သာအေးတို့ဆီကို သွားပြီး အကြောင်းကြား၊ မြန်မြန်သွားစမ်း
ငါက အနောက်ပိုင်းက လူတွေကို သွားခေါ်မယ်
ဟုတ်ကဲ့
အကို အောင်မောင်းတို့- ဘကြီးခက်က ပြောခိုင်းတယ်။ လှေရှယ်... အနောက်ပိုင်းက-ငွေးနဲ့ ရွာဦးတန်တားပျက်ပေါ်က မြွေချော်ပြီး ရေထဲကျ သွားလို့
ဟာ- ဒီကောင် လေးကလဲ-ဒုက္ခ ပါဘဲ - ဟောက်- အနောက်ပိုင်းက- ငွေးနဲ့မှသွား တကိုး .... တယ်...
ထို့ကြောင့် ဖိုးထောင်သည် အရှေ့ပိုင်းသို့ သုတ်ခြေတင်သွားပြီးနောက် —
လှေ-ရေထဲချော်ကျတာနဲ့ အနောက်ပိုင်းသားလို့-ငွေးကို ဘာလို့ အပြစ်တင်ရတာလဲ- .... မင်းတို့ အရှေ့ပိုင်းသားတွေ အသုံးမကျလို့ တန်တား မပြင်ဖြစ်တာကွ
အနားရှိ အနောက်ပိုင်းသား ကျွဲကြီးက ကြား၍ မခံမရပ်နိုင်ဖြစ်ကာ —
ဒေါင်မယ်- မင်းတို့အနောက်ပိုင်းသားတွေက လူမှန်းသူမှန်း မသိတတ်လို့ ကျပြတ်ရက ခေါ်ပြီးမပြင်တာ...ကြီးကျယ်လို့...ဟင်း
မင်းစကား ပြောတာ-လူပါး၀လှချည် လားကွ
အရှေ့ပိုင်းသား ဖိုးရှိန်ကလည်း ခံပြင်း၍ စကားတုံ့ပြန်လေသော် —
၀,တော့ ဘာဖြစ်သလဲ။ သတ္တိရှိရင် နှစ်ယောက်ချင်း - ချမလား
စိန်လိုက်ကွ အနောက်ပိုင်းသား တဲ့ဟေ့... ကျွဲကြီးတဲ့ကွ - ပါးကြီးထဲရှိတယ်
ဟဲ့-ဟဲ့ - နေကြပါအုံး..... မင်းတို့ကလဲ - အရေးထဲကွာ၊ တဆိတ်ရှိ ဒေါသထွက်တာဘဲကိုး၊ ခလေးနှစ်ယောက် ရေထဲကျတယ်ဆိုတော့-ပြန်ဆယ်ဘို့ အရေးကြီးတယ်။ မြန်မြန် လိုက်ခဲ့ကြစမ်း -----
ထိုအခိုက် ဘကြီးခက် ရောက်လာပြီး —


တနေ့ ဖိုးကျော်တို့လူသိုက် ကစားနေချိန်တွင် —
ဖရဲသီးစိတ် ဆီဆီလေး
ဟေ့-ဟိုမှာ သန့်ရင်ပါလားကွ- သန့်ရင်ရေ လာပါဦးကွ
တစိတ်ဘယ်လောက်လဲ-
ငါးမူး
ငါ့လဲတစိတ်ပေးဗျာ
ရော့ ငါးပြား-
မင်း ဖရဲသီးစိတ်ရောင်းတာ တနေ့ ဘယ်လောက်မြတ်လဲကွ-ဟင်-
တလုံးပြားငါးဆယ်မြတ်တယ်ကွ-တနေ့လုံးရောင်းမယ်ဆိုယင်တော့ လေးငါးလုံး ကုန်တာပေါ့ ကွာ-ဒါပေမဲ့ ဒီမမမေက သုံးလုံးကုန်တဲ့ အထိဘဲ ရောင်းခိုင်းတယ်၊ တနေ့ တကျပ်ခွဲလောက်တော့ မြတ်တာပေါ့
အဲဒီ ပိုက်ဆံတွေ အကုန်လုံး မင်း မေမေ့ကို ပြန်ပေးရလား
တကျပ်ခွဲမြတ်တဲ့အထဲက ငါ့ကိုတမတ်ပေးတယ်၊ တမတ်ကို ငါ့သေတ္တာလေးတွေအတွက် မုန့်ဘိုးပေးခိုင်းတယ်၊ ကျန်တဲ့တကျပ်ကိုတော့ စုဘူးဝယ်ပေးပြီး တနေ့ တကျပ် ခိုင်းဝ
ဘာလုပ်ဖို့လဲကွ-
ကျောင်းပြန်ဖွင့်တဲ့အခါကျတော့ စာအုပ်ဖိုးနဲ့ အဝတ်အစားတွေဝယ်ပေးဖို့ပေါ့ကွ-ကဲ-ငါ ဟိုဘက်လမ်း သွားရောင်းလိုက်ဦးမယ်-
ထိုအချိန်တွင်—
ဟေ့-ဟိုမှာ အရှိန်းပါလား ဟေ့-အရှိန်း လာပါဦးကွ-
ကလင် ကလင် ကလင်



မင်းတို့ အေးချောင်းကျောင်းက တနေ့ကို ဘယ်လောက်လောက် မြတ်သလဲကွ-ဟင်-
ငါးဆယ်ကျော်နိုင်တယ် တချို့ ကျပ်မြတ်တယ်၊ တချို့ကျတော့ ကျပ်မြတ်တယ်ကွ၊ မကျော်နိုင်ဘူး ... လို့ပြောတယ်၊ တနေ့ကို တကျပ်ခွဲ သုံးကျပ်လောက်တော့ မြတ်တာပေါ့ကွာ-
ကျောင်းပိတ်တန်း ဒို့ဖေဖေရဲ့ အလုပ်ကို ကူညီလုပ်ပေးတဲ့ အတွက် အပိုဝင်ငွေရလို့ ဒို့ဖေဖေက ကျောင်းပြန်ဖွင့်ရင် တက်ထရွန်အင်္ကျီ ဝယ်ပေးမယ်တဲ့ကွ-
ဖိုးကျော်သည် သန့်ဇင်နှင့် အရှိန်းတို့ကို အားကျသွားပြီး —
ဘာဖြစ်လို့လဲသား၊ ဂို
မေမေ-ကျနော် ဖရဲသီးစိတ်ရောင်း ချင်တယ်
သန့်ဇင်တို့ အရှိန်းတို့ ကျောင်းပိတ်တန်း ဈေးရောင်းတာ သူတို့အိမ်မှာ အပိုဝင်ငွေရတယ် မေမေရဲ့၊ ဆက်ကလေ ကျောင်းပိတ်ရက်မှာ တနင်္လာ ရှိနေ တတ်ရမယ်တဲ့-
သန့်ဇင်တို့ အရှိန်းတို့က မေမေတို့နဲ့ တာယင် ပိုဆင်းရဲတော့ သူတို့ ဈေးထွက်ရောင်းတာဟာ ချီးကျူးစရာ ပေါ့ကွယ်--
ဒါပေမဲ့ သားသားကတော့ သူတို့လို ဈေးထွက်ရောင်းဖို့ မလိုပါဘူး၊ အချိန်ရှိနေဖို့က ကျောင်းပိတ်ရက်မှာ ဟိုဟို ဒီဒီ လျှောက် မလယ်ဘဲ အချိန်နဲ့ ကစားပြီး ညီလေး ညီမလေးတွေကို ထိန်းပေးပေါ့
ပြီးတော့ အိမ်မှုကိစ္စတွေကို ကူညီလုပ်၊ ဒါမှ မေမေ့ အနေနဲ့ အချိန်ပိုရလို့ ဝင်ငွေရတဲ့ အလုပ်ကို ပိုလုပ်နိုင်တာပေါ့၊ ဒီအသက်မှာ ဒီဒီစဉ်အတွက် သားသားရဲ့ မှီးလေးဆီမှာ အကုန်လိပ်စာ သွားသင်ပေါ့

